

ဦးသုမင်္ဂလ
ဒယ်အိုးဆရာတော်
အာမြွန်နုတ်လိုက်ပါ

# အမှာစာ

မြတ်စွာ ဘုရားရှင် ကိုယ်တော် မြတ်ကြီးသည် ၄၅ ဝါ ကာလပတ်လုံး ဝေနေယျသတ္တဝါများ အား တရားရေအေး အမြိုက်ဆေးတို့ကို တိုက်ကျွေးဟောကြားတော်မူခြင်းသည် သတ္တဝါတွေ ကြိုက်အောင် ဟောပြတော် မူခြင်းလည်း မဟုတ်ပါ။ သတ္တဝါတွေ မကြိုက်အောင် ဟောပြတော် မူ ခြင်းလည်း မဟုတ်ပါ။ ဝေနေယျသတ္တဝါတွေ အမှန်တရားကို သိအောင် ဟောတော် မူခြင်းသာ ဖြစ်သည်။

ဒါကြောင့် မြတ်စွာ ဘုရားရဲ့ အဆုံးအမများ ကို တစ်ဆင့် ဟောပြတော် မူကြတဲ့ ဆရာတော် သံဃာတော် များ ရဲ့ တရားပွဲသို့ သွားရောက်နာကြားတဲ့အခါမှာ ဖြစ်စေ၊ ဆရာတော် သံဃာတော် များ ရေး သားထုတ်ဝေတဲ့ တရားစာအုပ်များ ကို ဖတ်ရှုကြတဲ့အခါမှာ ဖြစ်စေ အမှန်တရားကို သိအောင် နာကြမယ်၊ ဖတ်ကြမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖတ်ကြ၊ နာကြပါ။

တရားကို ကိုယ့်အကြိုက်နဲ့ တိုက်မကြည့်ပါနဲ့။ ကိုယ့်အကြိုက်နဲ့ တိုက်ကြည့်ရင် ဘယ် ဆရာတော် ဟောတဲ့တရားက မကောင်းဘူးဆိုပြီးတော့ နှစ်သက် မှု ၊ မနှစ်သက် မှု တွေ ဝင်လာတတ် ပါတယ်။ ဒါကြောင့် တရားနာတဲ့အခါ တရားစာအုပ်ဖတ်တဲ့အခါမှာ အမှန်တရားကို သိဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖတ်ပါ၊ နာပါလို့ ရှေးဦးစွာ တိုက်တွန်းလိုက်ပါတယ်။

ထိုကဲ့သို့ အမှန်တရားတွေ ကို သိအောင် ထုတ်ဖော်ကာ ဟောကြားနေတဲ့ ဒယ်အိုး ဆရာတော် ဦး သုမင်္ဂလရဲ့ ဟောစဉ်တရားများ ကို ငါတို့စာပေမှ စာအုပ်အ ဖြစ် ထုတ်ဝေလာခဲ့တာ အမှတ်စဉ် (၄) သို့ ရောက်လာခဲ့ပါပြီ။

ယခု ဒီစာအုပ်မှာ တော့ . . .

၁။ အမြန်နုတ်လိုက်ပါ တရားတော် နှင့်

၂။ ချမ်းသာရေး တရားတော် နှစ် ပုဒ်ကို ပေါင်းထားတာ တွေ့ရပါတယ်။

အဲဒီ နှစ် ပုဒ်ထဲမှာ အမြန်နုတ်လိုက်ပါဆိုတဲ့ တရားတော် ကတော့

ငါးရာ့ငါးဆယ်ဇာတ်နိပါတ် ထဲမှ ပလာသဇာတ်ကို အခြေခံကာ ဟောကြားထားတာ တွေ ရပါတယ်။

ဘုရားလောင်း ရွှေဟင်္သာမင်းနှင့် ပေါက်ပင်မှ ရုက္ခစိုးနတ်တို့ ပြောဆိုသော စကားများ ကို အဓိပ္ပာယ်ပေါ်လွင်အောင် ဟောကြားထားပါတယ်။
ပေါက်ပင်ခွကြားတစ်နေရာမှာ ပေါက်နေတဲ့ ညောင်ပင်ကို ရွှေဟင်္သာမင်းက မြင်တဲ့အခါ အမြန်နုတ်ပစ်ဖို့လိုကြောင်း၊ အမြန်မနုတ်လျှင် ပေါက်ပင်ကို မျိုပြီး သင့်ဗိမာန်ပျက်စီးနိုင်ကြောင်း မိတ်ဆွေကောင်းပီပီ ပြောဆိုခဲ့ပေမယ့် ရုက္ခစိုး နတ်က မလိုက်နာသဖြင့် နောက်ဆုံးမှာ ဗိမာန်ပျက်စီးခဲ့ရပါတယ်။ ထိုနည်းတူပါပဲ။ မိမိတို့သန္တာန်မှာ ညောင်ပင်လေးနဲ့တူတဲ့ ကိလေသာကို အမြန်နုတ်ပစ်နိုင်ဖို့ တိုက်တွန်းဟောကြားထားတဲ့ တရားတော် ပါ။

နောက်တစ်ပုဒ် ချမ်းသာရေး ဆိုတဲ့ တရားတော် ကတော့ ပဋ္ဋပဥ္စသုတ်ကို အခြေခံပြီး ဟောကြားထားတာပါ။ သတ္တဝါတွေ ဆင်းရဲနေကြတာ ဘာကြောင့် ပါလဲဆိုပြီး သိကြားမင်း မေးလျှောက်ထားတဲ့ အမေးကို မြတ်စွာ ဘုရား အဆင့်ဆင့် ဖြေကြားထားပုံကို ပေါ်လွင်အောင် ဟောကြားထားတာ တွေ့ရပါတယ်။ ဆင်းရဲကြောင်းကို သိလို့ အဲဒီ အကြောင်းကို ပယ်နိုင်ရင် ချမ်းသာနိုင်တာကြောင့် ချမ်းသာရေး တရားတော် လို့ နာမည် ပေးထားတာလည်း ကောင်းလှပါ တယ်။

ဒါကြောင့် ဒယ်အိုးဆရာတော် ဦး သုမင်္ဂလရဲ့ ဟောစဉ်တရားတော် များ အမှတ်စဉ် (၄) ကို လေ့လာပါ။ သုံးသပ်ပါ။ ဝေဖန်ပါ။ ကောင်း၊ မကောင်းဆိုတာ ကတော့ မိမိတို့ရဲ့ ဉာဏ်အနုအရင့် ပေါ်မှာ ပဲ မူတည်ပါလိမ့်မယ်လို့ ပြောကြားရင်း အမှာ စာကဏ္ဍ ဒီမျှပါပဲ။

မေတ္တာဖြင့်

၁၁ ဘွဲ့ရ ကျိုက်ထိုဆရာတော်

အသျှင်နန္ဒောဘာသာဘိဝံသ

# အခန်း(၁)

တရားတော် နာ ကြွရောက်လာကြသော ယောဂီသူတော် စင်များ အားလုံး မိမိတို့ခန္ဓာကိုယ် ဣရိယာပုတ်ကလေး မျှတစွာ ထိုင်ပြီးတော့ အာရုံတစ်ပါးစိတ်မသွားစေဘဲနဲ့ တရားတော် ကို နာယူနိုင်ကြပါပြီ။

တရားတော် နာ ကြွရောက်လာကြသော ယောဂီသူတော် စင်များ အားလုံး စိတ်၏ ချမ်းသာ ခြင်း၊ ကိုယ်၏ ချမ်းသာခြင်း ပြည့်စုံစွာ နှင့် ဦးပဥ္စင်းတို့ ဟောပြောပြမည့် သစ္စာတရားများ ကို နာလည်း နာနိုင်ကြပါစေ။ နာတဲ့အတိုင်းလည်း သိကြပါစေ။ သိတဲ့အတိုင်းလည်း ဒီဘဝ ဒီခန္ဓာမစွန့်ခင် သံသရာဒုက္ခလက်စသိမ်းနိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြပါစေလို့ ရှေးဦးစွာ မေတ္တာပို့သ ပေးလိုက် ပါတယ်။

သစ္စာတရားတော် တို့ကို ဟောကြားရာ၌ အနန္တဂုဏ်အင် ကျေးဇူးရှင်များ ဖြစ်ကြသော ဘုရား ရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာတော် မြတ်သုံးပါးတို့နှင့် တကွ အမိအဖ ဆရာသခင် ကျေးဇူးရှင်အပေါင်းတို့အား ပူဇော်ကျေးဇူးဆပ်သော အားဖြင့် လည်းကောင်း၊ ယနေ့ ဦးပဥ္စင်း၏ မျက်မှော က်သို့ တရားနာကြွရောက်လာသော သံသရာ၏ ဆွေတော် မျိုးတော် အပေါင်းတို့အား ကျေးဇူးဆပ်သော အနေနဲ့ ဟောကြားသွားမှာ ဖြစ်ပါတယ်။

အားလုံးသော တရားနာပရိသတ်အပေါင်း သူတော် ကောင်းတို့လည်း မြတ်စွာ ဘုရားရှင် ကိုယ်တော် မြတ်ကြီး၏ အဆုံးအမ ဒေသနာများ ကို ဒီဘဝ ဒီခန္ဓာမစွန့်ကြခင် ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်သိမြင်နိုင်အောင် ကြိုး စားကြပါလို့ လေးစားစွာ တိုက်တွန်းပါတယ်။

ကဲ . . . အားလုံး မနေ့က အလှူနဲ့ပတ်သက်ပြီးတော့ လှူတဲ့တန်းတဲ့ နေရာမှာ ကုသိုလ် အကုသိုလ် ပိုင်းခြားသိပြီးတော့ စင်ကြယ်စွာ ပြုလုပ်နိုင်ကြဖို့အတွက် ပြောခဲ့ပါတယ်နော်။ အားလုံး သံသရာတစ်ခွင်မှာ ဦးပဥ္စင်းတို့ သူတော် ကောင်းတို့ စင်စင်ကြယ်ကြယ်နေခဲ့လား၊ မစင်မကြယ် နေခဲ့လား။ မစင်မကြယ် နေခဲ့ပါတယ် ဘုရား။

ဘာကြောင့် မစင်ကြယ်ဘူး ပြောတာလဲ။ သြော် . . . ဦးပဥ္စင်းကလေ ဆင်ဖြူကျွန်း ဒီနားပတ်ဝန်းကျင် တရားတော် တွေ ပြန့်ပွားပြီး အတော် ပဲ လိုက်စား နေကြတာ တွေ့ရတော့ ဝမ်းလည်း သာတယ်။ သိပ်ပြီးတော့လည်း အားရကျေနပ်ပါတယ်။ အားလုံး ကိုလည်း ကျေးဇူးတင်ပါတယ်။ သာသနာတော် ကြီးအတွက် တက်တက်ကြွကြွ လန်းလန်း ဆန်းဆန်း ရဲရဲရင့်ရင့်နဲ့ သာသနာအကျိုး ရွက်သယ်ပိုးနေကြတယ်။

မြို့သူမြို့သားအားလုံးကို မြင်ရတော့ ဦးပဥ္စင်း စိတ်ထဲ ဝမ်းမြောက်တယ်။ ဒါကြောင့် ထူးထူး လည်လည် တစ်ခုခု ငါ့ဘက်ကလည်း တာဝန်ကျေအောင် ပေးဆပ်မယ်ဆိုပြီးတော့ မနေ့ကလည်း နိုင်သလောက် နားလည်လိမ့်မယ်လို့ ထင်ပြီးတော့ ဟောခဲ့တာ။

အဲဒီ မှာ အဖြေထွက်လာတယ်။

မနေ့က တရားကို သူတို့နားမလည်ဘူး။ နားလည်ရင် ဒီအဖြေက ရှင်းနေတယ်။ အဲဒီ တော့ မေးလိုက်တုန်းတော့ မစင်မကြယ်နေခဲ့လား။ စင်စင်ကြယ်ကြယ် နေခဲ့လားဆိုတော့။ ဒါတော့ ဆရာ သမားမေးတဲ့အပေါ်မှာ မေးပြီး မှီပြီး လိုက်လာတာဆိုတော့ ဒါအဆင်ပြေပါတယ်။ ဒီလိုပြောလိုက် တိုင်း ရမ်းအမှတ်ပေးလိုက် လို့ မရဘူးဗျ။

နောက်ထပ်မေးခွန်းထပ်မေးလိုက်တော့ ဘာကြောင့် မစင်ကြယ်ဘူး ပြောတာလဲဆိုတော့ ကျုပ်ကားဘရိတ်ကမှ ချော်ရင် ချော်သွားဦးမယ်။ သူတို့ဘရိတ်က တိခနဲနေတာပဲ ရပ်တာ။

စင်ကြယ်ခြင်း၊ မစင်ကြယ်ခြင်းဆိုတာ ဘာကို မှီပြီး ပြောတာလဲဆိုတော့ အခု ကုသိုလ် အကုသိုလ်မှာ လည်း လောဘ၊ ဒေါသ၊ မောဟနဲ့ လုပ်ရင် ကုသိုလ်လား၊ အကုသိုလ်လား။

အကုသိုလ်ပါဘုရား။

အဲဒါဆိုရင် အကုသိုလ်တရားဟာ ဖြူစင်တဲ့ တရားလား၊ မည်း ညစ်တဲ့ တရားလား၊ ဟုတ်ပြီ။ လောဘ၊ ဒေါသ၊ မောဟမပါတဲ့ အလုပ်ဆိုရင် ကုသိုလ်ပါ။

ကုသိုလ်ဆိုတာ မည် းညစ်သလား၊ ဖြူသလား၊ ဖြူစင်ပါတယ်ဘုရား။ ဘာမပါလို့လဲ။

လောဘ၊ ဒေါသ၊ မောဟတွေ မပါလို့ပါ ဘုရား။ ဒါဖြင့် ငါတို့မစင်ကြယ်တာ ဘာနဲ့နေလို့လဲ။ လောဘ၊ ဒေါသ၊ မောဟတွေ နဲ့နေလို့ပါဘုရား။ ဒါပဲပေါ့။ ကိလေသာတွေ နဲ့ နေခဲ့လို့ပါ ဘုရားဆိုရင် ပြီးပြီ။ ဒီလိုလေးများ ဖြေမလားလို့ ကိုယ့်လူတွေ အထင်ကြီးမိတာပါ။ ကိုယ့်လူ ဖြစ်ပြီမှတ်လို့။ အဲဒီ တော့ မပေါ့ပါနဲ့။ မစင်ကြယ်ခဲ့ကြတာ ဘာ ဖြစ်လို့လဲ။

ကိလေသာ ကိလေသာလို့ပြောတာ လောဘ ဒေါသ မောဟလည်း ပါတယ်။ ဥပါဒါန်လည်း ပါတယ်။ မစ္ဆရိယ၊ ဗျာပါဒ ၁၅၀၀ ကိလေသာတွေ အကုန်လုံးပါသွားပြီ။ အဲဒီ တော့ ဦးပဥ္စင်းတို့ သူတော် ကောင်းတို့မှာ လောဘစိတ်တွေ ရှိ မရှိ ရှိပါတယ်။ စင်ကြယ်ကြပြီလား။ မစင်ကြယ်သေးပါ ဘူး။ လောဘစိတ်ရော ရှိပါတယ်ဘုရား။ မောဟရော၊ ရှိပါတယ်ဘုရား။ ဒေါသစိတ်ရော၊ မာန၊ ဒိဋ္ဌိ၊ ရှိပါတယ်။ ကိလေသာတွေ အကုန်လုံး။ ရှိပါတယ်ဘုရား။ ကိလေသာတွေ ရှိရင် ဘာဝဋ်လဲ။ ကိလေသဝဋ်ပါ ဘုရား။

မပေါ့နဲ့လေ။ ကိလေသာဝဋ်ရှိရင် ကမ္မဝဋ်လုပ်မယ်။ ကမ္မဝဋ်လုပ်ရင် ဝိပါကဝဋ်လုပ်မယ်။ ဝိပါက ဝဋ်ကောင်းကြီးရပြီဆိုကတည်းက ဒီပုဂ္ဂိုလ်တွေ ချမ်းသာမှာ လား။ ဆင်းရဲမှာ လား။ ဆင်းရဲ မှာ ပါ ဘုရား။ ဒါဖြင့် စင်ကြယ်လို့ ဆင်းရဲတာလား။ မစင်ကြယ်လို့ ဆင်းရဲတာလား။

မစင်ကြယ်လို့ပါ ဘုရား။

ကျေနပ်ရဲ့ လား။

အကုသိုလ်အလုပ်နဲ့ အသက်မွေးပြီးတော့ အကုသိုလ်ဟာ ကောင်းကျိုးပေးတယ်လို့။ မရှိပါဘူးဘုရား။ ယုံလား။ ဘုရားလက်ထက် ကတော့လေ ဘုရားက တံငါသည်တွေ ကို ပြတယ်။

ဟောဒီမှာ ငါးသတ်ပြီးတော့ အသက်မွေးနေတဲ့သူတွေ တဲ့၊ ငါးသတ်ပြီး အသက်မွေးတဲ့သူ တွေ ကြက်သတ်၊ ဝက်သတ်ပြီး အသက်မွေးရင် ဆင်ယာဉ် မြင်းယာဉ် ရထားယာဉ် တိုက်တာ အိုးအိမ်နဲ့ နေရတယ်လို့ မင်းတို့ကြားဖူးသလား။ မကြားဖူးပါဘူး။

ဝက်ကန်ထရိုက်က ရှေ့က ရောက်လာတယ်။ ဝက်သတ်လို့ ချမ်းသာသွားတာလား။ အတိတ်က ဒါနမျိုးစေ့ကောင်းခဲ့လို့လား။ အတိတ်က ဒါနမျိုးစေ့ ကောင်းခဲ့လို့ပါ။ အခု ဝက်သတ် ကြက်သတ် ငါးသတ် နွားသတ်နေတဲ့အ ဖြစ်ဟာ နောင်တစ်ချိန်ကျတော့ သို့သော် ကန်ထရိုက်က သတ်သတ် လောလောဆယ် သတ်တဲ့သူ ကတော့ သတ်ဖြတ်တဲ့သူ ကတော့ ကြက်သတ် နွားသတ် တဲ့ ဒီပုဂ္ဂိုလ်တွေ ချမ်းသာတယ်လို့ မရှိပါဘူး။

သေချာသုံးသပ်ကြည့်ပါ။ သူများ အသက်သတ်ဖို့ ကြံစည်လုံးပန်းနေရတဲ့သူတွေ မှာ သူတို့ကိုယ်တိုင်လည်း စိတ်ချမ်းသာကိုယ်ချမ်းသာ။ မရှိပါဘူးဘုရား။ အကျိုးပေးရော ကောင်းနိုင်ပါဦး မလား။ မကောင်းနိုင်ပါဘူး ဘုရား။ အဲဒီ တော့ အကုသိုလ်သည် ကောင်းသော အကျိုးကို ပေးသလား၊ မကောင်းသော အကျိုးကို ပေးသလား။ မကောင်းသော အကျိုးကို ပေးပါတယ်။

ဒါဖြင့် အကုသိုလ်ဟာ ချမ်းသာပေးတယ်လို့ မရှိဘူး။ ကုသိုလ်ဟာ ဆင်းရဲပေးတယ်လို့ မရှိဘူး။